Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၉၈ ဦး အကျဉ်းကျခံ နေရသည်။ တက်ကြွလှုပ်ရှားသူ ၁၀၈ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပြီး ထိုထဲမှ ၂၄ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသည်။

# အောက်တိုဘာလ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် တိုင်းရင်းသား ဒေသများမှ တိုင်းရင်းသား ၅၁ ဦးအပါအဝင် ၆၃ ဦး ဖမ်းဆီးခံခဲ့ရသည်။ တက်ကြွလှုပ်ရှားသူ ၁၈ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ထိုထဲမှ သုံးဦးသည် ဒဏ်ငွေပေးဆောင်ပြီးနောက် ချက်ချင်း ပြန်လည် လွှတ်မြောက်လာခဲ့သည်၊ နောက်ထပ်သုံးဦးသည် ထောင်မှ လွတ်ရက်စေ့သဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ နိုင်ငံရေးအကျဉ်းသား နှစ်ဦးမှာမူ ကျန်းမာရေး ဆိုးရွားလျက်ရှိ ကြောင်းသိရှိရသည်။

နိုင်ငံရေး လှုပ်ရှားသူများနှင့် အလုပ်သမား အခွင့်အရေး လှုပ်ရှားသူများအား ထိန်းသိမ်းရန်၊ ပြစ်ဒဏ်ချမှတ်ရန်နှင့် တရားစွဲဆိုရန်အတွက် ဆက်သွယ်ရေးဥပဒေနှင့် ရာဇသတ်ကြီးဥပဒေတို့အား အဓိက လက်နက် သဖွယ် ဆက်လက်အသုံးပြုလျက်ရှိသည်။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်မှ NLD ပါတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုအောင်မြင့်ထွန်းသည် NLD ပါတီ ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်အား ပါတီမှ နုတ်ထွက်ခွင့်ပြုသည်ဟူသည့် စာအတုကို လူမှုကွန်ရက်စာ မျက်နှာတွင် ဖော်ပြခဲ့ခြင်း အတွက် ဧ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ထို့ပြင်မက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားသူများအဖွဲ့ (MDCF) ခေါင်းဆောင်ဖြစ်သူ ကိုထင်ကျော်သည် ရာဇသတ် ကြီးပုဒ်မ ၅၀၅/က ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ သူသည် မြောက်ဥက္ကလာပမြို့ နယ် တရားရုံးရှေ့၌ တရားရေးစနစ်၏ မညီမျှမှုများ၊ လူ့အခွင့် အရေး ချိုးဖောက်မှုများနှင့် စစ်ဗိုလ်ချုပ်များ ၎င်းတို့ ကျူး လွန်ခဲ့သော ပြစ်မှုများ အတွက် အရေး ယူမှုမရှိသည်များ ကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းအတွက် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အောက်တိုဘာလ ၂၄ ရက်နေ့တွင် စစ်ကိုင်း အလုပ်သမားအခွင့်အရေး ဆန္ဒပြသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း အလုပ်သမား ၁၅ ဦး တို့သည် တရားမဝင် စုဝေးမှု၊ ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅ နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ တို့ဖြင့် ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။ နောက်ပိုင်းတွင် တရားရုံးမှ အမျိုးသမီး သုံးဦးအားစွဲဆိုထားသည့် နိုင်ငံတော် အကြည် အညိုပျက် စေမှု စွဲချက်အား ရုပ်သိမ်း ပေးခဲ့သည်။ ထို့ကြောင့် အမျိုးသား ၁၂ ဦးသည် ထောင်ဒဏ် ငါးလ ကျခံရမည်ဖြစ်ပြီး အမျိုးသမီး သုံးဦးသည် ထောင်ဒဏ်နှစ်လ ကျခံရမည်ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်အက်ဥပဒေအား ဆက်လက် အသုံးပြုလျက်ရှိသည်။ ကချင် နှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ အတိုင်ပင်ခံတစ်ဦးဖြစ်သူ ဦးလုံ့ဂျူတူးရော်သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် အက်ဥပဒေပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ အောက်တိုဘာလ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ သူ့အား ဒဏ်ငွေ တစ်သောင်းကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပြီး ထိုနေ့တွင်ပင် သူသည် ဒဏ်ငွေပေးဆောင်ခဲ့သည်။ ထို့ပြင် ကိုနိုင်ဖော်ကြည်ဝင်းသည် ကျောင်းသားများ၊ အလုပ်သမားများနှင့် ပြည်သူများကို ဦးဆောင်ကာ ပြည်တွင်းစစ် ရပ်တန့်ရေးအတွက် ဆန္ဒပြခဲ့သောကြောင့် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် တရားရုံးမှ ငြိမ်းစုစီဥပဒေ ပုဒ်မ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။

မီဒီယာများကို ကန့်သတ်ထားမှုများ၊ ပြစ်ဒဏ်ချမှတ်မှုများ ဧ အောက်တိုဘာလ တစ်လျှောက်လုံးတွင်လည်း ဆက်လက်ရှိနေခဲ့သည်။ လွတ်လပ်သော သတင်း မီဒီယာများသည် ရှမ်းပြည်နယ် လွှတ်တော်တွင်းတွင် သတင်းယူရန် ကန့် သတ်ခံထားရသော်လည်း အစိုးရ မီဒီယာများနှင့် တီဗွီလိုင်းများသည် ထိုလွှတ်တော်တွင်း သတင်းယူခွင့် ရရှိခဲ့ ကြ သည်။ ထို့ပြင်မက ဧ အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ နယ်ခြားစောင့် ရဲတပ်ဖွဲ့၏ စခန်းများ တိုက်ခိုက်ခံခဲ့ရပြီးနောက် ရခိုင်ပြည်နယ်တွင်း စစ်တပ်မှ ၎င်းတို့၏ စစ်ဆင်ရေးများကို သတင်းယူရန် ကြိုးပမ်းနေသည့် လွတ်လပ်သော သတင်း ထောက်များ၏ လှုပ်ရှားမှုကို ကန့်သတ်ထား လျက်ရှိသည်။ ဧ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်လောင်း မြို့နယ် တရားရုံးမှ ပအိုဝ်း ဂျာနယ်တစ်စောင်ဖြစ်သော ခမ်းစား ငေါင်းဂျာနယ်မှ အယ်ဒီတာနှစ်ဦးအား ဒဏ်ငွေ သုံးသောင်းကျပ်စီ ပေးဆောင်ဧ စရန် အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ၎င်းတို့သည် ပအိုဝ်း အမျိုးသားအစည်းအရုံး (PNO)အား အသရေဖျက်ခြင်း အတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် တရား စွဲဆိုခံခဲ့ရသည်။

အောက်တိုဘာတစ်လလုံးတွင်လည်း လယ်သမားများသည် ဆက်လက် ဖမ်းဆီး၊ တရားစွဲဆိုခံခဲ့ရသည်။ သိမ်း ဆည်းခံ လယ်ယာမြေများ ပြန်လည် ရရှိရန် ထွန်တုံးတိုက်ပွဲဝင်ခဲ့ကြသော ပြင်ဦးလွင်မြို့နယ်မှ လယ်သမားများကို ကူညီခဲ့ခြင်းအတွက် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လယ်သမားအရေး လှုပ်ရှားသူ နှစ်ဦးသည် မန္တလေးမြို့၌ ဖမ်းဆီးခံခဲ့ရသည်။ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ၎င်းတို့ တရားစွဲဆိုခံခဲ့ရသည်။ ထို့ပြင်မက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထွန်တုံးတိုက်ပွဲဝင်ခဲ့ကြသော ဒေသခံ လယ်သမားတစ်ဦးသည် ပိုက်နက်ကျူးလွန်ခြင်း၊ ဆန္ဒပြခြင်းတို့အတွက် ဖမ်းဆီးခံခဲ့ရပြီး တရားစွဲဆိုခံခဲ့ရသည်။ ထို့ပြင် ထို ထွန်တုံးတိုက်ပွဲတွင် ပါဝင်ခဲ့ ကြသော ညောင်လိုင် ကျေးရွာအုပ်စု၊ သပြေရေ ကျေးရွာမှ လယ်သမား ခုနှစ်ဦးသည်လည်း ရာဇသတ်ကြီးပုဒ်မ ၁၁၄၊ ၄၂၇၊ ၄၄၇၊ ၅၀၆ တို့ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ထို့ပြင်မက ဆီးအုန်းစိုက်ပျိုးရန် အတွက် အေး ရှားဝေါ ကုမ္ပဏီ နှင့် ရွှေပဒုမ္မာ ကုမ္ပဏီများသို့ ချထားပေးသော လယ်ယာမြေများပေါ်ကို ကျူးကျော်ခြင်းအတွက် တနင်္သာရီတိုင်း၊ ရေဖြူမြို့ နယ်နှင့် မြိတ်မြို့နယ် များတွ င် နေထိုင်သူ လေးဦးကို ထိုကုမ္ပဏီများမှ တရားစွဲဆိုခဲ့သည်။

မတရားအသင်း အက်ဥပဒေအား လက်နက်သဖွယ် ဆက်လက် အသုံးပြု၍ နိုင်ငံသားများကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အသိအမှတ်ပြု ထားခြင်းမရှိသော အဖွဲ့အစည်းများနှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲကာ ဖမ်းဆီး၊ ထိန်း သိမ်း၊ တရားစွဲဆိုလျက်ရှိသည်။ ပဲခူးတိုင်း၊ ဖြူးမြို့နယ်မှ ကိုအောင်မင်းစိုးသည် ခွဲထွက် ဒီမိုကရက်တစ် ကရင် အကျိုးပြု တပ်မတော် (DKBA) နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရ ခြင်း၊ DKBA အတွက် လူသစ်စုဆောင်းပေးခြင်းနှင့် လက်နက်ခဲယမ်း များ သယ်ဆောင်ပေးနေသည်ဟု စွပ်စွဲခံရခြင်းတို့အတွက် အောက်တို ဘာလ ၇ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ထို့ပြင် သူသည် မတရားအသင်း အက်ဥပဒေ ၁၇/၁ ဖြင့် တရား စွဲဆိုခံခဲ့ရသည်။ ထို့ပြင်မက အောက်တိုဘာလ ၁၁ ရက်နေ့တွင် စစ်တပ်မှ ကချင်တိုင်းရင်းသား ၄၉ ဦးအား ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)

တွင် စစ်သင်တန်း တက်ရောက်ခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီး မတရားအသင်း အက်ဥပဒေဖြင့်ပင် တရားစွဲဆိုခဲ့သည်။ မတရားအသင်း အက်ဥပဒေကို ချိုးဖောက်၍ ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) အား အကူအညီပေးနေသည်ဟူသော သံသယဖြင့် အောက်တိုဘာလ ၁၇ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ မုန်းစီရွာမှ ရွာသားနှစ်ဦးအား ဖမ်းဆီးခဲ့ သည်။

# ထိန်းသိမ်းခံရခြင်းများ

## ထိုင်း-မြန်မာနယ်စပ်တွင် အမျိုးသားတစ်ဦး ဖမ်းဆီးခံရ

ပဲခူးတိုင်း၊ ဖြူးမြို့နယ်မှ ကိုအောင်မင်းစိုးသည် ခွဲထွက် ဒီမိုကရက်တစ်ကရင် အကျိုးပြု တပ်မတော် (DKBA) နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရခြင်း၊ DKBA အတွက် လူသစ်စုဆောင်းပေးခြင်းန ှင့် လက်နက်ခဲယမ်းများ သယ်ဆောင်ပေးနေသည်ဟု စွပ်စွဲခံရခြင်းတို့အတွက် အောက်တိုဘာလ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မဲစောက်မြို့၌ ဖမ်းဆီးခံခဲ့ရသည်။

အမှတ် ၁၉ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်မှ ဗိုလ်ကြီး အေးမင်းထွန်းမှ ကိုအောင်မင်းစိုးအား မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် မြဝတီမြို့ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

အောက်တိုဘာ ၉ ရက်နေ့တွင် သူသည် ပထမအကြိမ်ရုံးချိန်း အားတက်ရောက်ခဲ့ပြီး ထိုနေ့တွင်ပင် ၁၉၀၈ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ မြဝတီသတင်းစဉ်/မြန်မာ

## စစ်တပ်မှ ကချင်တိုင်းရင်းသား ၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း

အောက်တိုဘာလ ၁၁ ရက် နေ့ တွင် စစ်တပ်မှ ပူတာအိုမြို့နယ်ရှိ ကချင်တိုင်းရင်းသား ၄၉ ဦးအား ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တွင် စစ်သင်တန်း တက်ရောက်ခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ ၎င်းတို့သည် မိုးမောက်မြို့နယ်၊ လွယ်ဂျယ် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရပြီး ယခု လက်ရှိတွင် ဗန်းမော်ထောင်၌ ထိန်းသိမ်းခံထားရသည်။ ၎င်းတို့ သည် မတရားအသင်းနှင့် ဆက်သွယ်ခြင်း၊ ထိုအဖွဲ့နှင့်အတူ လက်နက်များ ကိုင်ဆောင်ခြင်းတို့ အတွက် မတရားအသင်း အက်ဥပဒေဖြင့် တရားစွဲ ဆိုခံထားရသည်။ တပ်မတော်ပိုင် မြဝတီသတင်းစာ ၏ လူမှုကွန်ရက် စာမျက်နှာ တွင် အောက်တိုဘာ ၁၁ ရက်နေ့၌ တပ်မတော်မှ ကချင်တိုင်းရင်းသား ၄၉ ဦးအား ဖ မ်းဆီးခဲ့သည့်ပြင် ထရပ်ကားမောင်း သူ ရှစ်ဦးကိုပါ ဖမ်းဆီးခဲ့သည်ဟု ဖော်ပြထားခဲ့သည်။

ကချင်ပြည် ဒီမိုကရေစီပါတီ၏ ကိုယ်စားလှယ်များမှ ကချင်လူမှုအဖွဲ့အအစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများ၏ ဦးဆောင် စီစဉ်မှုဖြ င့် ထိုလူငယ်များသည် စိုက်ပျိုးရေး သင်တန်းတက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ မြန်မာတိုင်း/မြန်မာ

## ကြေငြာချက်အတုကြောင့် NLD အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီး

အောက်တိုဘာလ ၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဗဟို စုံစမ်းစစ်ဆေးရေးဌာန (CID) မှ မုံရွာမြို့နယ်၊ NLD ပါတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုအောင်မြင့်ထွန်းအား ဖမ်းဆီးခဲ့သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကိုအောင်မြင့်ထွန်းသည် NLD ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဝ င်းထိန်အား ပါတီမှ နှုတ်ထွက်ခွင့်ပြုသည်ဟူသည့် စာကို လူမှုကွန်ရ က်စာမျက်နှာတွင် ဖော်ပြခဲ့ခြင်း အတွက် ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး CID ဌာနမှ တာဝန်ခံဒုရဲမှူး ဦးလှကြည်မှ ကိုအောင်မြင့်ထွန်းအား ဦးဝင်းထိန် ကို နှုတ်ထွက်ခွင့်ပြုသည့် စာအတု အား တင်ခဲ့ခြင်းအတွက် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ် သည်ဟု ပြောကြားခဲ့သည်။ ဆိုက်ဘာရဲများမှ ထိုဖမ်းဆီးမှုတွင် ပါဝင်ကူညီခဲ့သည်။ ယခုလက်ရှိတွင် ကိုအောင်မြင့်ထွန်းသည် မုံရွာတွင် ထိန်းသိမ်းခံထားရပြီး သူ့အား နေပြည်တော်သို့ခေါ်ဆောင် သွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအတွင်း သူသည် NLD ပါတီအတွက် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ အီလဲဗင်း

## ကချင်လွတ်မြောက်ရေး တပ်မတော်အား အကူအညီပေးခြင်းအတွက် ရွာသားနှစ်ဦးကို ဖမ်းဆီး

မတရားအသင်း အက်ဥပဒေကို ချိုးဖောက်ကာ ကချင် လွတ်မြောက်ေ ရး တပ်မတော် (KIA) အား အကူအညီပေးနေသည်ဟူသော သံသယဖြင့် အောက်တိုဘာလ ၁၇ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ မုန်းစီရွာမှ ရွာသားနှစ်ဦးအား ဖမ်းဆီးခဲ့သည်။ ကချင်လူငယ် ခေါင်းဆောင်တစ်ဦး မှ ထိုရွာသားနှစ်ဦးအား ရဲစခန်းတွင် ထိန်းသိမ်းထားသည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း

## တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားသူများအဖွဲ့ (MDCF) ခေါင်းဆောင်ဖြစ်သူ ကိုထင်ကျော်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅/က ဖြင့် သဃ်န်းကျွန်းမြို့နယ်ရှိ သူ၏ ရုံးခန်းတွင် ဖမ်းဆီးခံခဲ့ရသည်။ မြောက်ဥက္ကလာပ မြို့နယ် ရဲစခန်းမှူးမှ မြောက်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးနန္ဒမျိုးထုတ်ပေးသော ဖမ်းဝရမ်းဖြင့် သူ့အား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကိုထင်ကျော်သည် မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့၌ တရားရေးစနစ်၏ မညီမျှမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စစ်ဗိုလ်ချုပ်များကို ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အရေးယူမှု မရှိသည်များကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းအတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ယခင် သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်က ကိုထင်ကျော်သည် များစွာသော ဆန္ဒပြမှုများအတွက် နှစ်ရှည် ထောင်ဒဏ် ကျခံခဲ့ရပြီး ယခုနှစ် ဧပြီလတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ ၂၇ ရက်နေ့တွင် မြောက်ဥက္ကလာပ မြို့နယ်တရားရုံး၌ ကိုထင်ကျော် အား ရုံးထုတ်စစ်ဆေးခဲ့သည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။


၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ အီလဲဗင်း/ မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ Frontier Myanmar
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ 7 Day Daily/မြန်မာ

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ**

မေလအတွင်းတွင် စစ်ကိုင်းမှ နေပြည်တော်သို့ ဆန္ဒပြချီတက်ခဲ့ခြင်းအတွက် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ် တရားရုံးမှ စစ်ကိုင်းတိုင်း၊ နိုင်ငံခြားသားပိုင် Myanmar Venner သစ်အချောထည်စက်ရုံမှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၁၅ ဦးတို့အား ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့ သည်။

၎င်းတို့သည် ကနဦးတွင် တရားမဝင် စုဝေးမှု၊ ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ တို့ ဖြင့်တရားစွဲဆိုခံခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်းတွင် တရားရုံးမှ အမျိုးသမီး သုံးဦးအားစွဲဆိုထားသည့် နိုင်ငံတော် အကြည်အညိုပျက်စေမှု စွဲချက်အား ရုပ်သိမ်း ပေးခဲ့သည်။

တပ်ကုန်းမြို့နယ်တရားရုံးမှ စွဲချက်အားလုံးအတွက် ၎င်းတို့ အပြစ် ရှိသည်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် အမျိုးသား ၁၂ ဦးအား တရားမဝင် စုဝေးမှု စွဲချက်များ အတွက် ထောင်ဒဏ် နှစ်လ ကျ ခံစေပြီး နိုင်ငံတော် အကြည်အညို ပျက်စေမှုအတွက် ထောင်ဒဏ် သုံးလ ကျခံရစေသည်။ အမျိုး သမီး သုံးဦးသည် တရားမဝင် စုဝေးမှု စွဲချက်များဖြင့် ထောင်ဒဏ် နှစ်လ ကျခံရမည်ဖြစ်သည်။

ပြစ်ဒဏ်မှ ချုပ်ရက်များကိုပါ ထုတ်နှုတ်ခံစားစေသောကြောင့် အမျိုး သမီး သုံးဦးသည် ပြစ်ဒဏ်ထက် ချုပ်ရက်များ ပိုနေ၍ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ထောင်မှ လွတ်မြောက်လာခဲ့သည်။ အမျိုး သား ၁၂ ဦးသည် ၎င်းတို့၏ ပြစ်ဒဏ်များစေ့ရန် နောက်ထပ် သုံးပတ် ထောင်တွင်းတွင် အကျဉ်းကျခံရဦးမည်ဖြစ်သည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ

# ထောင်မှလွတ်မြောက်မှုများ

**ဒဏ်ငွေပေးဆောင်ပြီးနောက် ဆန္ဒပြခေါင်းဆောင်တစ်ဦး လွတ်မြောက်**

ကချင်ပြည်နယ်တွင်း တပ်မတော်မှ ထိုးစစ်ဆင်နေခြင်းကို ရပ်တန့်ရန် တောင်းဆို ဆန္ဒပြခဲ့ခြင်းအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ရဲစခန်းမှ ဆန္ဒပြပွဲ ဦးဆောင်သူတစ်ဦးအား တရားစွဲဆိုခဲ့သည်။ အောက်တိုဘာလ ၆ ရက်နေ့တွင် တပ်မတော်အား ဆန့်ကျင်သော ဆန္ဒပြပွဲအား ကချင်လူထု ထောင်ေ ပါင်းများစွာမှ ပူးပေါင်းပါဝင် ခဲ့ပြီးနောက် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ အတိုင်ပင်ခံတစ်ဦးဖြစ်သူ ဦးလုံဂျုံတူးရော်ကို ငြိမ်းချမ်းစွာ စုဝေးခွင့် ဥပဒေပုဒ်မ ၂၀ ကို ချိုးဖောက်သည်ဟူသော စွဲချက်ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဦးလုံဂျုံတူးရော်သည် ဆန္ဒပြပွဲ ကျင်းပရန် ခွင့်ပြုချက် ရရှိခဲ့သော်လည်း ခွင့်ပြုချက် ယူထားခြင်း မရှိသည့် ကြွေးကြော်သံများ ရွတ်ဆိုခဲ့ခြင်း၊ ပိုစတာများပါဝင်နေခြင်းတို့ကြောင့် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ရဲများမှ ပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံး မှ ဦးလုံဂျုံတူးရော်အား ဒဏ်ငွေ တစ်သောင်းကျပ် ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပြီး ထိုနေ့တွင်ပင် သူသည် ဒဏ်ငွေပေးဆောင်ခဲ့သည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ

**ဒဏ်ငွေပေးဆောင်ပြီးနောက် ဒယ်ဒီတာ နှစ်ဦး ပြန်လည် လွတ်မြောက်**

အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်း မြို့နယ် တရားရုံးမှ ပအိုဝ်း ဂျာနယ်တစ်စောင်ဖြစ်သော ခမ်းစားငေါ်းဂျာနယ်မှ အယ်ဒီတာနှစ်ဦးအား ဒဏ်ငွေ သုံးသောင်းကျပ်စီ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် အယ်ဒီတာချုပ် ကိုခွန်သန်းအောင်နှင့် အယ်ဒီတာ ကိုခွန်ရာဇာတို့သည် ပအိုဝ်းအမျိုးသားအစည်းအရုံး (PNO) အား အသရေဖျက်ခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ထုတ်ဝေခဲ့သော ခမ်းစားငေါ်းဂျာနယ်၏ ဆောင်းပါးထဲတွင် PNO ခေါင်းဆောင်ဖြစ်သည့် ဦးအောင်ခမ်းထီ၏ ၇၉ နှစ်မြောက်မွေးနေ့ပွဲအတွက် PNO မှ ဒေသခံများထံတွင် လက်ဖက်ခြောက် နှင့် ငွေများ ေ ကာက်ခံခဲ့သည်ဟု ဖော်ပြခဲ့သည်။

၎င်းတို့သည် ရုံးချိန်းပေါင်း ၃၆ ချိန်း တက်ရောက်ခဲ့ပြီးနောက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး ခရိုင်တရားရုံး၌ အယူခံဝင်မည်ဖြစ်သည်။ ထိုဂျာနယ်ဖတ် ပရိသတ်များမှ ၎င်းတို့အတွက် ဒဏ်ငွေအား ပေးဆောင်ခဲ့ကြ သည်။
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ

# ထောင်တွင်းအခြေအနေများ

## မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ

မြင်းခြံထောင်တွင်းရှိ အကျဉ်းသား ကိုကျော်ကိုကိုအား တိုက်ပိတ်ပြစ်ဒဏ်ပေးထားခြင်းကို တုံ့ပြန်သောအားဖြင့် အောက်တိုဘာလ ၁၁ ရက်နေ့တွင် မြင်းခြံထောင်တွင်းရှိ အကျဉ်းသားများမှ ဆန္ဒပြခဲ့ကြသည်။ လူသတ်မှုအတွက် ထောင်ဒဏ်တစ်သက် ချမှတ်ခံထားရသော ကိုကျော်ကိုကိုသည် တစ်ခြား အကျဉ်း သားတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းအတွက် တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသည်။ အကျဉ်းသားများမှ ေ ထာင်ကြီးကြပ်ရေးမှူးနှင့် အခြား ထောင်အရာရှိတို့ကို ပြောင်းရွှေ့ပေးရန်၊ စောင်သုံးထည်နှင့်အထက် ရရှိရန်နှင့်၊ အဆောင်များကြား လွတ်လပ်စွာ သွားလာခွင့် ရရှိရန် ေ တာင်းဆိုခဲ့ကြသည်။ ထို့ပြင် အစားအသောက်များအား လုံလောက်စွာ ရရှိရန်လည်း တောင်းဆိုခဲ့ကြသည်။

ထောင်အရာရှိများမှ ဆန္ဒပြပွဲတွင် အကျဉ်းသား ၇၀၀ ခန့် ပါဝင်ခဲ့ကြသည်ဟု ခန့်မှန်းခဲ့ကြသည်။ ထိုဆန္ဒပြပွဲသည် လေးနာရီကြာမြင့်ခဲ့သည်ဟု သိရှိရပြီး အကျဉ်းသားများမှ ထောင်ပြင်မှပင် ကြားနိုင်သော ကြွေးကြော်သံ များ ရေရွတ်ခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီး ဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ လုံခြုံရေးအတွက် အကျဉ်းသားများ၏ တောင်းဆိုချက်များကို ခွင့်မပြုနိုင်ပါဟု တုံ့ပြန်ပြောကြားခဲ့သည်။ သို့သော်လည်း ဌာနမှ ကြီးကြပ်ရေးမှူး အစားထိုးရန် စဉ်းစားမည်ဟု ပြောကြားခဲ့သည်။ ထောင်ပိုင်အား ရာထူးမှ ချထားခဲ့ပြီး သူ၏ နေရာအစားထိုးခန့် အပ်မှုအား ထောင်သို့ အကြောင်းကြား ခဲ့ပြီးဖြစ်သည်။

မြင်းခြံထောင်တွင်း ဆန္ဒပြမှုဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ထောင်ပိုင်နှင့် ထောင်ဝန်ထမ်းများမှ အကျဉ်းသားများကို ရိုက်နှက် ထိုးကြိတ်ခြင်း၊ အတင်းအကြပ် ငွေကောက်ခံခြင်း၊ အကျဉ်းသားများပိုင် ပစ္စည်းဥစ္စာများကို အတင်းအဓမ္မ သိမ်းယူခြင်းများ ရှိနေသည်ဟုထုတ်ပြန်ခဲ့သည်။ ကျန်းမာရေး ေ စာင့်ရှောက်မှု ရရှိရန်အပ်လျက်ရှိသော အကျဉ်းသားများသည် လုံလောက်သော ကျန်းမာရေးစောင့် ရှောက်မှု မရရှိခဲ့ပါဟု ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အကျဉ်းထောင် အဆောင်များတွင် မီးသီး၊ မီးချောင်းများ ပျက်စီးလျှင် ဝယ်ယူရန် အတွက်နှင့် မီးစက်အတွက် ဒီဇယ် ဝယ်ယူရန်အတွက် အကျဉ်းသားမှ ငွေကြေးများပေးနေရသည်ဟုလည်း ဖော်ပြထားသည်။ ေ ထာင်တွင်း ဆန္ဒပြမှုများပေါ်ပေါက်လာခြင်းသည် အကျဉ်းသားချင်း ခိုက်ရန်ဖြစ်ပွားမှုမှ စတင်ခဲ့သည်ဆိုသော်လည်း ထောင်ပိုင်အပေါ် မကျေနပ်မှုတွင် အခြေခံသည်ဟု ဖော်ပြထားသည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် MCN သတင်းဌာနမှ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ တွဲဘက်အတွင်းရေးမှူးဖြစ်သူ ဦးဘိုကြည်အား ေ တွ့ဆုံ ေ မးမြန်းခဲ့သည်။ ဦးဘိုကြည်မှ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက်သည် လက်တွေ့အခြေအနေနှင့် ရာခိုင်နှုန်းတော်တော်များများ ကိုက်ညီမှုရှိသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် လာဘ်ပေးလာဘ်ယူလုပ်သည့် ဝန်ထမ်းများနှင့် နှိပ်စက်ညှဉ်းပန်းမှုတွေ ပြုလုပ်နေသည့် ထောင် ဝန်ထမ်းများကို ဥပဒေနှင့်အညီ အရေးယူရမည်ဖြစ်ပြီး နိုင်ငံတကာ စံချိန်၊ စံနှုန်းများအတိုင်း အကျဉ်းသားများ ေ လျှော့ချသည့် လုပ်ငန်းစဉ်တွေကို အစိုးရ အနေဖြင့် လုပ်ဆောင်သင့်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် လူ့အခွင့်အရေးကော်မရှင် အနေဖြင့် ထိရောက်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ကိုင်နိုင်ရန် လူ့အခွင့်အရေးကော်မရှင် ဥပဒေကို နိုင်ငံတကာ စံချိန်၊ စံနှုန်းများ နှင့် အညီ ပြင်ဆင်ဖို့ လိုအပ်နေပြီး ြ မင်းခြံထောင် အစီရင်ခံစာနှင့် ပ တ်သက်၍ လူ့အခွင့်အရေးကော်မရှင်၏ အကြံပြုချက်များ ကို သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်သင့် သည်ဟုလည်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ မြန်မာနောင်း
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ MCN/မြန်မာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ MCN/မြန်မာ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## ရှမ်းပြည်နယ်လွှတ်တော်မှ အစိုးရမီဒီယာနှင့် လွတ်လပ်သော မီဒီယာများကြား ခွဲခြား

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် လွှတ်တော်တွင်းတွင် သတင်းမီဒီယာများ သတင်းရယူခွင့် ခက်ခဲပြီး ကန့်သတ်ခွဲခြား ဆက်ဆံခံနေရကြောင်း လွှတ်တော်တွင်း သတင်းရယူနေသည့် သတင်းထောက်အများစုမှ ပြောကြားခဲ့သည်။

ဒီမိုကရက်တစ် မြန်မာ့အသံ (ဒီဗွီဘီ) သတင်းဌာနမှ ကိုခွန်ဇော်ဦးက အစိုးရ မီဒီယာများနှင့် တီဗွီလိုင်းများကိုသာ လွှတ်တော်တွင်းသို့ သတင်းယူရန် ခွင့်ပြုပြီး လွတ်လပ်သော သတင်းမီဒီယာများကို လွှတ်တော်တွင်းသို့ သတင်းရယူခွင့် မပေးပါဟု ပြောကြားခဲ့သည်။ အီလဲဗင်း မီဒီယာ ဂရုမှ သတင်းထောက် ကိုစည်သာဟိန်းက အစိုးရ မီဒီယာများကို လွှတ်တော် တွင်း၌ သတင်းရယူခွင့်ပေးလျှင် လွ တ်လွပ်သော မီဒီယာများကို လွှတ်တော်တွင်း ၌ သတင်းရ ယူခွင့်ပြု သင့်သည်၊ လွတ်လပ်သော မီဒီယာများကို ကန့်သတ်ထားခြင်းသည် ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု မြင်နိုင်ပြီး ၎င်းတို့အနေဖြင့် တစ်ခြား ပြည်နယ်၊ တိုင်းဒေသကြီးရှိ လွှတ်တော်များအတိုင်း လွှတ်လပ်စွာ သတင်းယူချင်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ် လွှတ်တော်မှ ကန့်သတ်ထားမှု များကို လျှော့ချသင့်ဟု ပြောကြားခဲ့ပြီး ဥပဒေအတိုင်း ရပိုင်ခွင့်နှင့် မီဒီယာ ရပိုင်ခွင့်တို့ကို လိုချင်သည်ဟု ပြောကြားခဲ့သည်။

ထိုအချိန်အတောအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၏ ပြည်သူ့ ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ၏ ရှမ်းပြည်နယ်မှ သတင်းထောက်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း ပြောကြားချက်သည် အကြောင်းမဲ့ ဝေဖန်မှုဖြစ်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထိုဝန်ကြီးဌာန၏ ဒုဝန်ကြီးမှ မြန်မာတိုင်း သို့ အစိုးရပြောရေးဆိုခွင့်ရှိသူ တချို့မှ လွတ်လပ်သော မီဒီယာများသို့ မှတ်ချက်များ ပေးရန် မကြိုက်ပါဟု ပြောကြားခဲ့သည့်ပြင် သတင်းထောက်များ၏ အရည်အသွေး မပြည့်မီမှုသည် သတင်းဖလှယ် မှုများကို အကန့်အသတ်ဖြစ်စေသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ လွတ်လပ်သော မီဒီယာများသို့ သတင်းအချက်အလက်များ ပေးချင်သော်လည်း သတင်းထောက်များမှ ၎င်းတို့ ပြောကြားချက်များ အတိုင်း ရေးသားခြင်း မရှိသည်ကို မကြာခဏ တွေ့ရှိရသည်ဟု ပြောကြားခဲ့ သည်။

[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ BNI](#)
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း](#)

## ရခိုင်ပြည်နယ်တွင် သတင်းထောက်များ ကန့်သတ်မှုများနှင့် ရင်ဆိုင်နေရ

အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ စခန်းများ တိုက်ခိုက်ခံခဲ့ရပြီးနောက် စစ်တပ်မှ ရခိုင်ပြည်နယ်တွင်းရှိ ၎င်းတို့၏ စစ်ဆင် ရေးများကို သတင်းယူရန် ကြိုးပမ်းနေသော လွတ်လပ်သော သတင်းထောက်များ၏ လှုပ်ရှားမှုကို ကန့်သတ်ထား လျက်ရှိသည်။ ဧရာဝတီ၊ မြန်မာတိုင်း၊ The Voice ၊ ဒီဗွီဘီ၊ 7 Day Daily ၊ ကုမုဒြာနှင့် နိရဉ္ဇရာ သတင်းဌာနများမှ သတင်းထောက်များသည် ကျီးကန်းပြင် နယ်ခြားစောင့်တပ် ဌာန ချုပ်မှ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် စစ်တပ် စစ်ဆင်ရေး နယ်မြေတွင်းသို့ ခရီးသွားလာခွင့် တားမြစ်ခံခဲ့ရသည်။ သတင်းထောက်များသည် ရဲများနှင့် ကျီးကန်းပြင်ဌာနချုပ်သို့ သွားရောက်ခွင့်ရခဲ့ပြီး နယ်ခြားစောင့်ရဲများ အသတ်ခံခဲ့ရသည့်နေရာနှင့် လက်နက်များ သိမ်းယူခံခဲ့ရသည့် နေရာများတွင် မှတ်တမ်းတင်ခွင့် ရရှိခဲ့သည်။ စစ်တပ်မှ သတင်းထောက်များကို ထိုနေရာများတွင် တွေ့ရှိခဲ့သည့်အတွက် တအံ့တသြ ဖြစ်ခဲ့ပြီး သတင်းထောက်များ ရိုက်ထားသော ဓာတ်ပုံများအားလုံးကို ဖျက်ပေးရန် တောင်းဆိုခဲ့သည်။ သတင်းထောက်များမှ ဓာတ် ပုံများကို ဖျက်ပေးရန် ငြင်းဆိုခဲ့ပြီး မြောက်ဘက်သို့ ခရီးဆက်ခဲ့သော်လည်း စစ်တပ်၏ စစ်ဆေးရေး ဂိတ်များတွင် တားမြစ်ခြင်းခံခဲ့ရသည်။ သတင်းထောက်များမှ ၎င်းတို့၏ အမည် များကို ပေးရန်နှင့် ဓာတ်ပုံများကို ဖျ က်ပေးရန် ငြင်းဆိုခဲ့သည်။ သတင်းထောက်များ၏ ကန့်ကွက် မှုများရှိခဲ့သော်လည်း ပြည်ထဲရေး ဝန်ကြီးဌာန၏ ခွင့်ပြုမိန့် မရရှိမီ ၎င်းတို့အား မြောက်ဘက်သို့ ဆက်လက်၍ ခရီးဆက်ရန် ခွင့်မပြုခဲ့ပါ။ စစ်တပ်နှင့် ရခိုင်ပြည်နယ် တွင်းရှိ ရပ်ရွာခေါင်းဆောင်များမှ စစ်တပ်၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ကွဲလွဲသော အစီရင်ခံစာများ ထုတ်ပြန်ခဲ့သည်။

[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဧရာဝတီ](#)

## ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ဦးဆောင်ခြင်းအတွက် တက်ကြွလှုပ်ရှားသူတစ်ဦးအား တရားစွဲဆို

အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် တရားရုံးမှ တက်ကြွလှုပ်ရှားသူတစ်ဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကိုနိုင်ဇော်ကြည်ဝင်းသည် ကျောင်းသားများ၊ အလုပ်သမားများနှင့် ပြည်သူများကို ဦးဆောင်ကာ ပြည်တွင်းစစ် ရပ်တန့်ရေးအတွက် ဆန္ဒပြခဲ့ကြသည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရွှေပြည်သာ ရဲများမှ သူ့အား ဖမ်းဆီးခဲ့သည်။ အောက်တိုဘာလ ၂၅ ရက်နေ့ ရုံးချိန်းတွင် သူသည် ကျပ် ငါးသိန်းဖြင့် အာမခံရရှိခဲ့သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် သူ နောက်တစ်ကြိမ် ရုံးချိန်း တက်ရောက် ရမည်ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ နိုင်ဇော်ကြည်ဝင်း၏ လူမှုကွန်ရက်စာမျက်နှာ](#)

# မြေယာသိမ်းဆည်းမှုများ

**ပိုင်နက်ကျူးလွန်ခြင်းအတွက် ကုမ္ပဏီများမှဒေသခံများကို တရားစွဲဆို**

အေးရှားဝေါ ကုမ္ပဏီနှင့် ရွှေပဒုမ္မာ ကုမ္ပဏီတို့မှ တနင်္သာရီတိုင်း ရေဖြူနှင့် မြိတ်မြို့နယ်များတွင် နေထိုင်သူများအား စားအုန်းဆီ စိုက်ခင်းများအတွက် ကုမ္ပဏီများသို့ ပေးထားသောမြေများပေါ်ကို ကျူးကျော်ခြင်းအတွက် တရားစွဲဆိုခဲ့သည်။ တရားစွဲဆို ခံရသော ကျေးရူးတော်တွင် နေထိုင်သူလေးဦးထဲမှ တစ်ဦးဖြစ်သူ ကိုစောမျိုးမင်းမှ ၎င်းတို့အား အိုးအိမ်မဲ့ဖြစ်စေခဲ့သော မြေများပေါ်တွင် ပြန်လည် နေထိုင်ပြီးနောက် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၁၉၉၂ တွင် တပ်မတော်နှင့် ကရင် အမျိုးသား အစည်းအရုံး (KNU) တို့ကြား တိုက်ပွဲများဖြစ်ပွားသည့်အတွက် ကျေးရူးတော်တွင် နေထိုင်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးရန် ဖိအားပေးခြင်း ခံခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် ထိုမြေများအား ရွှေပဒုမ္မာကုမ္ပဏီသို့ ချထားပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် KNU တို့ကြား အပစ်အခတ်ရပ်စဲရေးစာချုပ်အား လက်မှတ် ရေးထိုးပြီးနောက် သမ္မတဟောင်း ဦးသိန်းစိန်၏ အစိုးရလက်ထက်တွင် ယခင် ကရင် အမျိုးသားရေးရာ ဝန်ကြီးဟောင်း၏ ခွင့်ပြုချက်နှင့် ဒေသခံများသည် ထိုမြေများပေါ်တွင် ပြန်လည် နေထိုင်ခဲ့ကြသည်။

အလားတူစွာ ဘန်မဲ့နှင့် တုံပြောရွာများမှ ရွာသားများသည် တပ်မတော်နှင့် KNU တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းမှ လွတ်မြောက်ရန် ၁၉၉၇ ခုနှစ်တွင် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် ထိုဒေသကို တာဝန်ယူထားသော KNU တပ်မဟာ၏ ခွင့်ပြုချက်ဖြင့် ဒေသခံများသည် ထိုမြေများတွင် ပြန်လည်နေထိုင်ခဲ့ကြသည်။ ထိုကြားကာလတွင် အေးရှားဝေါ ကုမ္ပဏီက ထိုမြေများ၌ စားအုန်းဆီ စိုက်ပျိုး လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီး ထိုမြေများတွင် ပြန်လည်နေထိုင်သော ရွာသားများကို ပိုင်နက်ကျူးလွန်ခြင်းအတွက် စတင် တရားစွဲဆိုခဲ့သည်။ ရွာသားများမှလည်း ၎င်းတို့ ဖောက်လုပ်ထားသောလမ်းအား အသုံးပြုခြင်းကြောင့် အေးရှားဝေါ ကုမ္ပဏီအား တရားစွဲဆိုခဲ့သည်။
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ BNI]

**လယ်သမားများနှင့် လယ်သမားအရေး လှုပ်ရှားသူများ ကို မွန္တလေးတွင် ဖမ်းဆီး**

အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှ လယ်သမားအရေး ကူညီသူနှစ်ဦးအား မန္တလေးမြို့တွင် ဖမ်းဆီးခဲ့သည်။ အောက်တိုဘာလ ၈ ရက်နေ့တွင် ကိုတိုးကြီးနှင့် ကိုမျိုးဝင်းတို့သည် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာရွာ၊ သက်ကံရွာနှင့် သပြေရေကျေးရွာများတွင် ကော်ဖီစီမံကိန်းအတွက် သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည် ရရှိရေးအတွက် ထွန်တုံးတိုက်ပွဲဝင်ခဲ့ကြသော လယ်သမားများကို ကူညီခဲ့သည်။ ရဲများမှ ၎င်းတို့အား ဖမ်းဝရမ်းမပါပဲ ဖမ်းဆီးခဲ့ကြသည်။

အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပြင်ဦးလွင် မြို့နယ် တရားရုံး၌ ၎င်းတို့ ရုံးချိန်းတက်ရောက်ခဲ့ကြပြီး တရားရုံးမှ ၎င်းတို့၏ အာမခံ လျှောက်ထားမှုအား ပယ်ချခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် ၎င်းတို့ ရုံးချိန်း ထပ်မံ တက်ရောက်ရမည်ဖြစ်သည်။ ထွန်တုံးတိုက်ပွဲဝင်ခဲ့သော ဒေသခံ လယ်သမား တစ်ဦးသည် လယ်ယာမြေများပေါ်ကို ကျူးကျော်ခြင်း၊ ထွန်တုံး တိုက်ပွဲဝင်ခဲ့ခြင်းတို့အတွက် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး တရားစွဲဆိုခံခဲ့ရ သည်။ အောက် တိုဘာလ ၂၈ ရက်နေ့တွင် ညောင်လှိုင်ကျေးရွာအုပ်စု၊ သပြေရေကျေးရွာမှ လယ်သမား ခုနစ် ဦးတို့သည် ထိုထွန်တုံးတိုက်ပွဲအ တွက် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇၊ ၅၀၆၊ ၁၁၄ တို့ဖြင့် ဖမ်းဆီးခံခဲ့ရ သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထိုလယ်သမားများမှ မန္တလေး မြို့၊ မီဒီယာ စင်တာ၌ သတင်းစာ ရှင်းလင်းပွဲ ကျင်းပခဲ့ပြီး တစ်ခြားလယ်သမားများသည် ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန် ရှောင်တိမ်းလျက်ရှိ သည်ဟု ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ]

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**မြန်မာနိုင်ငံ တရားဥပဒေ စိုးမိုးမှု အညွှန်းကိန်းအဆင့် သတ်မှတ်ချက် တိုးလာ**

ယခုလက်ရှိ ဆောင်ရွက်ချက်များကို လက်ခံနိုင်ခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့ တရားမျှတ မှု စီမံကိန်း၏ နှစ်စဉ် တရားဥပဒေ စိုးမိုးမှု အညွှန်းကိန်းအဆင့် အနည်းငယ် တိုးတက်လာခဲ့သည်။ ဒေသတွင်း ၁၅ နိုင်ငံတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဒေသီးယားကို ကျော်၍ အဆင့် ၁၄ ရရှိခဲ့သည်။ အစိုးရ၏ အာဏာများအား ကန့်သတ်ထားမှုတိုးလာခြင်းကြောင့် မြန်မာနိုင်ငံ၏ အညွှန်းကိန်း အဆင့် တိုးလာခြင်းဖြစ် သည်။ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်အပေါ် အစိုးရ၏ လွှမ်းမိုးထားမှုများကို တိုင်းတာသော ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး တွင် မြန်မာနိုင်ငံ၏ ရ မှတ်များသည် အလွန် နည်းပါးလျက် ရှိသည်။

[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း]

**အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း**

၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အောက်တိုဘာလ ၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတ ဦးထင်ကျော်မှ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေ ရုပ်သိမ်းခြင်းကို ထော က်ခံသူများမှ ဖိနှိပ်မှု လက်နက်တစ်ခုသဖွယ် အသုံးပြုသည့် ထိုဥပဒေကို ဖယ်ရှားရန် လိုအပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များမှ စိုးရိမ်မှုများရှိခဲ့ပြီး လုံခြုံရေးအတွက် ထိုဥပဒေ လိုအပ်သည်ဟု ပြောကြားခဲ့သည်။ ထိုဥပဒေ ရုပ်သိမ်းရန် ထောက်ခံသူများမှ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် တ ြ ခားနည်းလမ်းများကို သုံးနိုင်သည်ဟု ပြော ကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ / မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ အီးလဲဗင်း/ မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဗွီအိုအေ/ မြန်မာ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဒီဗွီဘီ]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ မြန်မာတိုင်း]
[၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ နယူးယောခ့်တိုင်း]

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

နှစ်ပေါင်းငါးဆယ်ကျော်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် ယခုလက်ရှိတွင် အစိုးရတာဝန် ထမ်းဆောင်သည်မှာ ခုနစ်လသက်တမ်း ကုန်ဆုံးပြီဖြစ်သည်။ အစိုးရမှ အမျိုးသား ပြန်လည် သင့်မြတ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး အခြေအနေများသည် အနည်းငယ်သာ တိုးတက်မှုရှိသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံရေး အကျဉ်းသားရေးရာ အခြေအနေများ တိုးတက်မှုမရှိခြင်း၊ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် ဖိနှိပ်ထားသော ဥပဒေများကို ဆက်လက် အသုံးပြုနေခြင်း၊ လွတ်လပ် စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် မီဒီယာ လွတ်လပ်ခွင်တို့ကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကြောင့် အစိုးရသစ်အနေဖြင့် နိုင်ငံ၏ လူ့အခွင်အရေးများကို လေးစားလိုက်နာ၊ အားပေးမြှင့်တင်ခြင်း မပြုနိုင်သေးမီ အရေးပါသော တိုးတက်မှုကို ပြုလုပ်ရန် လို အပ်လျက်ရှိသည်ကို ပြသလျက်ရှိသည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား ပဋိပက္ခများကြီးထွားလာနေပြီး အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အဓမ္မရွှေ့ပြောင်းမှုများ  ဖြစ်ပွားနေခြင်းတို့သည် အမျိုးသား ပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးလမ်းကြောင်းတို့  ရရှိရန် ရှည်ကြာနေဆဲဖြစ်သည်ကို ပြသလျက်ရှိသည်။

ယခုလတွင် လက်ကျန် နိုင်ငံရေး အကျဉ်းသား ၂၀၆ ဦးရှိပြီး ထိုထဲမှ အများစုသည် လယ်သမားများနှင့် တိုင်းရင်းသားများ ဖြစ်ခြင်းကြောင့် အစိုးရမှ ၎င်းတို့အား နိုင်ငံရေး အကျဉ်းသားအဖြစ် သတ်မှတ်ထားခြင်း မရှိကြောင်း ပြသလျက်ရှိသည်။ AAPP မှ မကြာခဏတောင်းဆိုခဲ့သည့် အတိုင်း နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စကို ဖြေရှင်းရန် အစိုးရမှ တိုင်းရင်းသားများ၊ လယ်သမားများအပါအဝင် တရားဝင် နိုင်ငံရေး အကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးရန် လိုအပ်လျက်ရှိသည်။ နိုင်ငံရေး အကျဉ်းသားအဓိပ္ပါယ် ဖွင့်ဆို သတ်မှတ်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားအဖြစ် တရားဝင် အသိအမှတ် ပြုမှုရရှိရေးနှင့် နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေး ရေးသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိရန်အတွက် အခြေခံကျသော အချက်ဖြစ်သည်။ လက်ကျန် နိုင်ငံရေး အကျဉ်းသား အားလုံးလွတ်မြောက်ရေး သည် အခြေခံကျသော အရေးပါမှုဖြစ်သည်ကို အောက်တိုဘာလတွင်း ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စ ရန်ဟီးလီမှ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အစီရင်ခံစာအား တင်သွင်း၍ အလေးပေး ပြောဆိုခဲ့သည်။ ခေတ်မမီတော့သည့် ဥပဒေများဖြင့် လက်ရှိဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ရှိနေသေးသည်ဆိုသည်ကို ထောက်ပြ ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ မြင်းခြံထောင် ဆန္ဒပြပွဲဖြစ်ပွားပြီးနောက် အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့ပြီး အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ကောင်းမွန်စွာ ဆက်ဆံမခံရခြင်း၊ မတရားဖိနှိပ်ခံနေရခြင်းတို့ကို အလေးထား ထုတ်ပြန်ခဲ့သည်။ AAPP ၏ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်မှ MNHRC ၏ ထုတ်ပြန်မှုသည် လက်တွေ့အခြေအနေနှင့် ရာခိုင်နှုန်းတော်တော်များများ ကိုက်ညီမှုရှိသည် ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် အကျဉ်းထောင် အခြေအနေများ တိုးတက်ရန်အတွက် နိုင်ငံတကာ စံချိန်၊ စံညွှန်းများအတိုင်း လိုက်နာ ဆောင်ရွက်ရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။

စစ်ကိုင်း အလုပ်သမား အ ခွင့်အရေး ဆန္ဒပြသူများအား ပြစ်ဒဏ်ချမှတ်ခြင်း၊ ကိုအောင်မြင့်ထွန်းနှင့် ကိုထင်ကျော်တို့အား ဖမ်းဆီးခြင်းတို့ကြောင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့ကို အမျိုးမျိုးသော ဥပဒေများဖြင့် ပြစ်မှုမြောက်စေရန် ဆက်လက်၍ ပြုလုပ်နေသည်ကို ပြသလျ က်ရှိသည်။ မြန်မာနိုင်ငံ၏ ခေတ်နောက်ကျနေသော ဥပဒေရေးရာ ဖွဲ့စည်းမှုအား ပြုပြင်ပြောင်းလဲရန် လိုအပ်လျ က်ရှိနေသည်ကိုလည်း ထိုအခြင်း အရာများက မီးမောင်း ထိုးပြလျက်ရှိသည်။ ထိုမျှသာမက လွတ်လပ်သော သတင်းမီဒီယာများအား ရှမ်းပြည်နယ် လွှတ်တော်တွင်းတွင် သတင်းယူခွင့် ကန့်သတ်ထားခြင်း၊ လွတ်လပ်သော မီဒီယာများကို ရခိုင်ပြည်နယ်တွင်း သတင်းယူခွင့် ကန့်သတ်ထားခြင်းတို့သည် အစိုးရက မီဒီယာများအပေါ် ဆက်လက် ချုပ်ကိုင်ထားလျက်ရှိသည်ကို ပြသလျက်ရှိသည်။ လူ့အခွင့်အရေး ကြေငြာစာတမ်း ပုဒ်မ ၁၉ တွင် ဖော်ပြထားသော လူတိုင်း၏ အခြေခံလူ့အခွင့်အရေးဖြစ်သည့် လွ တ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိနိုင်ရန်အတွက် အစိုးရက အစောတလျင် ဆောင်ရွက် ပေးပါရန် AAPP မှ တိုက်တွန်းပါသည်။

အစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့ကို အဓိကလက်နက်သဖွယ် အသုံးပြု၍ တက်ကြွလှုပ်ရှားသူများကို တရားစွဲဆို၊ □ ပစ်ဒဏ်ချမှတ် □ ခင်းများကို ဆက်လက်ကျင့်သုံးနေကြောင်း ကချင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်၏ အတိုင်ပင်ခံ တစ်ဦးဖြစ်သူ ဦးလုံဂျုံတူးရော်ကို ပြစ်ဒဏ် ချမှတ်ခြင်း၊ အလုပ်သမားအရေး လှုပ်ရှားသူ ကိုနိုင်ဇော်ကြည်ဝင်းအား တရားစွဲ ဆိုခြင်းတို့က ပြသနေသည်။ ထို့ကြောင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများကို ဖိနှိပ်ရေး ယန္တယားသဖွယ် အသုံးပြုနေခြင်းအား ရပ်တန့်ပေ ပးပါရန်နှင့် နိုင်ငံတကာ စံချိန်၊စံညွှန်းများအတိုင်း လိုက်နာကျင့်သုံးပေးနိုင်ရန် AAPP က တိုက်တွန်းလိုက်ရပေသည်။

အောက်တိုဘာလတွင် လယ်သမားရှစ်ဦးနှင့် လယ်သမား အခွင့်အရေး လှုပ်ရှားသူနှစ်ဦးတို့သည် သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည် ရရှိရန် ထွန်တုံးတိုက်ပွဲဝင်ခဲ့ခြင်းအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံခဲ့ရသည်။ ထိုမျှသာမက လယ်သမားလေးဦးသည် သိ မ်းဆည်းခံ လယ်ယာမြေများ ကို ကျူးေ ကျာ်ခဲ့ခြင်းအတွက် တရားစွဲဆိုခံခဲ့ရသည်။ မြန်မာနိုင်ငံတွင်း လက်ကျန် နိုင်ငံရေး အကျဉ်းသားများထဲတွင် လယ်သမားအများစု ရှိနေဆဲဖြစ်သည်။ နိုင်ငံတွင်း၌ လယ်ယာမြေသိမ်းဆည်းခြင်းသည် ထင်ရှားသော ပြဿနာတစ်ခုအဖြစ်ရှိနေဆဲဖြစ်ပြီး ဖြေရှင်းနိုင်ခြင်းမရှိ သေးပါ။ အစိုးရမှ လယ်ယာမြေ သိမ်းဆည်းခြင်းအား ဖြေရှင်းရန် အစော တလျင် ဆောင်ရွက်သင့်သည်။

ယခုလတွင်လည်း များစွာသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်။ အကြမ်းဖက်မှုများ၊ ချိုးဖောက်မှုများ နှင့် ပြစ်မှုကျူးလွန်သူများ ပြစ်ဒဏ်ခတ်မခံရခြင်းတို့သည် နိုင်ငံ တကာ စံချိန်၊ စံညွှန်းများအတိုင်း ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရန် လိုအပ် လျက်ရှိသည်ကို ပြသလျက်ရှိပြီး အမျိုးမျိုးေ သာ နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်စာချုပ်များ၊ ဥပမာအားဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် ကုလသမဂ္ဂ သဘောတူစာချုပ် (UNCAT) နှင့် နောက် ဆက်တွဲ လိုက်နာ စောင့်ထိန်းအပ်သည့် လုပ်ထုံး လုပ်နည်းကျင့်ဝတ် (OPCAT) တို့ ကို လက်မှတ်ထိုးရန်နှင့် အသိအမှတ်ပြုရန် လိုအပ် လျက်ရှိသည်။

အောက်တိုဘာလတွင်းတွင် လူ့ အခွင့်အရေးဆိုင်ရာ အခြေအနေများထဲ မှ တိုးတက်မှုတစ်ချို့ရှိလာသည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံ လူ့အခွင့် အရေး ကော်မရှင် (MNHRC) မှ အကြမ်းဖက်မှုကို ကိုင် တွယ် ဆောင်ရွက်ရာတွင် အားနည်းမှု ရှိသည့်အတွက် ပြည်သူ့လွှတ်တော်မှ MNHRC အား အရေးယူရန် အတည်ပြုခဲ့ပြီးနောက် အောက်တိုဘာလ ၆ ရက်နေ့တွင် MNHRC အဖွဲ့ဝင် လေးဦး နှုတ်ထွက် သွားခဲ့သည်။ MNHRC ၏ ရည်ရွယ်ချ က်များကို ပြည့်မီစွာ ဖြည့်ဆည်း ဆောင်ရွက် နိုင်ရန် MNHRC အား ပြန်လည် ဖွဲ့စည်းရန် လိုအပ်နေပြီး အမှုအား လွဲမှားစွာ ကိုင်တွယ်ရာတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများ နှုတ်ထွက် သွားခြင်းသည် ကောင်းမွန်သည့် နောက်ဆုံး ရလဒ်ရရှိရန်အတွက် အပြု သဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သ ည်။ ထို့ပြင် ကော်မရှင်၏ ပြင်းထန်သော ချို့ယွင်း၊ အားနည်းချက်များကို အသိအမှတ်ပြုသည့် ပြယုဂ်တစ်ခုလည်းဖြစ်သည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## အောက်တိုဘာလ ၄ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် ကုမ္ပဏီများမှ ဒေသခံများကို တရားစွဲဆိုBNI
အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း၊ လွတ်လပ်သောအာရှအသံ/မြန်မာ

အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း၊ အီလဲဗင်/မြန်မာ

## အောက်တိုဘာလ ၅ ရက်

ဒဏ်ငွေပေးဆောင်ပြီးနောက် ဒယ်ဒီတာ နှစ်ဦး ပြန်လည် လွတ်မြောက်၊ BNI/မြန်မာ
အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း၊ ဗွီအိုအေ/မြန်မာ

အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း၊ ဒီဗွီဘီ

အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်း၊ မြန်မာတိုင်း

အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းနေယူးယော့တိုင်း

## အောက်တိုဘာလ ၈ ရက်

ဒဏ်ငွေပေးဆောင်ပြီးနောက် ဆန္ဒပြခေါင်းဆောင်တစ်ဦး လွတ်မြောက်၊ ဧရာဝတီ/မြန်မာ

## အောက်တိုဘာလ ၉ ရက်

ဒဏ်ငွေပေးဆောင်ပြီးနောက် ဆန္ဒပြခေါင်းဆောင်တစ်ဦး လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ
ထိုင်း-မြန်မာနယ်စပ်တွင် အမျိုးသားတစ်ဦး ဖမ်းဆီးခံရ၊ မြဝတီ/မြန်မာ

## အောက်တိုဘာလ ၁၁ ရက်

ဒဏ်ငွေပေးဆောင်ပြီးနောက်ဒယ်ဒီတာ နှစ်ဦး ပြန်လည် လွတ်မြောက်၊ ဧရာဝတီ/မြန်မာ
ဒဏ်ငွေပေးဆောင်ပြီးနောက် ဒယ်ဒီတာ နှစ်ဦး ပြန်လည် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ ဒီဗွီဘီ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ ဘီဘီစီ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ လွတ်လပ်သော အာရှအသံ/မြန်မာ
မြင်းခြံထောင်တွင်းအကျဉ်းသားများ ဆန္ဒပြ၊ ဗွီအိုအေ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ မဇ္ဈိမ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ အီလဲဗင်/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ အီလဲဗင်/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ မြန်မာနောင်း

## အောက်တိုဘာလ ၁၂ ရက်

ဒဏ်ငွေပေးဆောင်ပြီးနောက် ဆန္ဒပြခေါင်းဆောင်တစ်ဦး လွတ်မြောက်၊ ဧရာဝတီ
ဒဏ်ငွေပေးဆောင်ပြီးနောက် ဒယ် ဒီတာ နှစ်ဦး ပြန်လည် လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ အီလဲဗင်
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ မဇ္ဈိမ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ မြန်မာတိုင်း
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊ မြန်မာထိုး/မြန်မာ
မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊7 Day Daily/မြန်မာ
ရှမ်းပြည်နယ်လွှတ်တော်မှ အစိုးရမီဒီယာနှင့် လွတ်လပ်သော မီဒီယာများကြား ခွဲခြား၊ BNI/မြန်မာ

## အောက်တိုဘာလ ၁၃ ရက်

စစ်တပ်မှ ကချင်တိုင်းရင်းသား၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ 7 Day Daily/မြန်မာ
စစ်တပ်မှ ကချင်တိုင်းရင်းသား၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ကြေငြာချက်အတုကြောင့် NLD အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီး၊ အီလဲဗင်/မြန်မာ

## အောက်တိုဘာလ ၁၄ ရက်

စစ်တပ်မှ ကချင်တိုင်းရင်းသား၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ ဧရာဝတီ
စစ်တပ်မှ ကချင်တိုင်းရင်းသား၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ မဇ္ဈိမ
ကြေငြာချက်အတုကြောင့် NLD အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီး၊ ဧရာဝတီ/မြန်မာ
ဒဏ်ငွေပေးဆောင်ပြီးနောက် ဆန္ဒပြခေါင်းဆောင်တစ်ဦး လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ

## အောက်တိုဘာလ ၁၆ ရက်

ကြေငြာချက်အတုကြောင့် NLD အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီး အီလဲဗင်

## အောက်တိုဘာလ ၂၀ ရက်

ကချင်လွတ်မြောက်ရေး တပ်မတော်အား အကူအညီပေးခြင်းအတွက် ရွာသားနှစ်ဦးကို ဖမ်းဆီး၊ မြန်မာတိုင်း
ရှမ်းပြည်နယ်လွှတ်တော်မှ အစိုးရမီဒီယာနှင့် လွတ်လပ်သော မီဒီယာများကြား ခွဲခြားBNI
ရှမ်းပြည်နယ်လွှတ်တော်မှ အစိုးရမီဒီယာနှင့် လွတ်လပ်သော မီဒီယာများကြား ခွဲခြား၊ မြန်မာတိုင်း

## အောက်တိုဘာလ ၂၁ ရက်

ရခိုင်ပြည်နယ်တွင် သတင်းထောက်များ ကန့်သတ်မှုများနှင့် ရင်ဆိုင်နေရ၊ ဧရာဝတီ

မြန်မာနိုင်ငံ တရားဥပဒေ စိုးမိုးမှု အညွှန်းကိန်းအဆင့် သတ်မှတ်ချက် တိုးလာ၊ မြန်မာတိုင်း

စစ်တပ်မှ ကချင်တိုင်းရင်းသား၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ မြန်မာတိုင်း

## အောက်တိုဘာလ ၂၄ ရက်

စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်/မြန်မာ

*လယ်သမားများနှင့် လယ်သမားအရေး  လှုပ်ရှားသူများကို မန္တလေးတွင် ဖမ်းဆီး၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*လယ်သမားများနှင့် လယ်သမားအရေး လှုပ်ရှားသူများကို မန္တလေးတွင် ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၂၅ ရက်

*စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ*
*စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ*
*စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ၊7 Day Daily/မြန်မာ*
*စစ်ကိုင်း ချီတက် ဆန္ဒပြသူများ ပြစ်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်/မြန်မာ*
*ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ဦးဆောင်ခြင်းအတွက် တက်ကြွလှုပ်ရှားသူတစ်ဦးကို တရား စွဲဆို၊ နိုင်ဇော်ကြည်ဝင်း၏ လူမှုကွန်ရက် စာမျက်နှာ*

## အောက်တိုဘာလ ၂၆ ရက်

*စစ်တပ်မှ ကချင်တိုင်းရင်းသား ၄၉ ဦးအား KIA နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ထိန်းသိမ်း၊ မြန်မာတိုင်း/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ ဘီဘီစီ/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ မဇ္ဈိမ/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ အီလဲဗင်/မြန်မာ*

## အောက်တိုဘာလ ၂၇ ရက်

*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ အီလဲဗင်း*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊7 Day Daily/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ ဒီဗွီဘီ/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊အီလဲဗင်း/မြန်မာ*
*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊Frontier Myanmar*
*လယ်သမားများနှင့် လယ်သမားအရေး လှုပ်ရှားသူများကို မန္တလေးတွင် ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၂၈ ရက်

*တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊7 Day Daily/မြန်မာ*
*လယ်သမားများနှင့် လယ်သမားအရေး လှုပ်ရှားသူများကို မန္တလေးတွင် ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၂၉ ရက်

*မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊MCN/မြန်မာ*
*မြင်းခြံထောင်တွင်း အကျဉ်းသားများ ဆန္ဒပြ၊MCN/မြန်မာ*

## ဆက်သွယ်မေးမြန်းရန်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး+၆၆(၀) ၈၁ ၉၆၂ ၈၇၁၃